စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန

# Let's Produce Crop Diversification for Continuous Income

# စဉ်ဆက်မပြတ်ဝင်ငွေတိုးတက်ရရှိရေးအတွက်
# ရာသီမလပ်သီးနှံစုံ စိုက်ပျိုးရေးစံပြကွက်

ဦးရန်ပိုင်ထူး
ဒု- လ/ထ ဦးစီးမှူး
စိုက်ပျိုးရေးဦးစီးဌာန၊ ရွှေကျင်မြို့နယ်

၂၂ . ၂ . ၂၀၂၃


# နိဒါန်း

- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံတော်၏ စိုက်ပျိုးထွက်ကုန်များတိုးတက်မြင့်မားပြီး ခိုင်မာသောဈေးကွက်ရရှိကာတောင်သူစီးပွားရေး တွက်ချေကိုက်စေရန် ကျိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါသည်။


- ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်တွင် အမယ်စုံသီးနှံများစိုက်ပျိုးထုတ်လုပ်ပြီး စဉ်ဆက်မပြတ်ဝင်ငွေရရှိကာ တောင်သူဝင်ငွေတိုးစေရန်နှင့် သီးနှံတစ်ခုတည်းအပေါ်တွင်အားထားစိုက်ပျိုးခြင်းဖြင့် ဖောက်ပြန်ပြောင်းလဲလာသော ရာသီဥတုကြောင့် ရင်ဆိုင်ကြုံတွေ့ရမည့် စိန်ခေါ်မှုများကိုကျော်လွှားနိုင်ရန် ဤစံပြကွက်ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။



# ရွှေကျင်မြို့နယ်၊ ၂၀၂၂-၂၀၂၃ ခုနှစ်၊ စိုက်ပျိုးရာသီ ၏ စိုက်ပျိုးထုတ်လုပ်မှု %



# ရွှေကျင်မြို့နယ်၊ ၂၀၂၂-၂၀၂၃ ခုနှစ်၊ စိုက်ပျိုးထုတ်လုပ်ခဲ့သည့် သီးနှံစိုက်ဧကများ (%)




စုစုပေါင်း . ၁၂၂.၅၈%

# ရည်ရွယ်ချက်

- အမယ်စုံသီးနှံများစိုက်ပျိုးထုတ်လုပ်ကာ စဉ်ဆက်မပြတ်ဝင်ငွေရရှိပြီး တောင်သူဝင်ငွေတိုးစေရန်။
- စိုက်ပျိုးထုတ်လုပ်သူများရင်ဆိုင်ရလေ့ရှိသော မြေယာတန်ဖိုးမြင့်မားမှု၊ သွင်းအားစုကုန်ကျစရိတ်မြင့်မားမှု၊ အမယ်စုံထုတ်ကုန်များ၏ဝယ်လိုအားမြင့်တက်လာမှု၊ ရာသီဥတုပြောင်းလဲလာမှုတို့ကိုရင်ဆိုင်ကျော်လွှားနိုင်မည့် အမယ်စုံသီးနှံစိုက်ပျိုးခြင်း နည်းပညာကို တောင်သူများလေ့လာသိရှိနိုင်ရန်။
- စံပြကွက်တွင် ပါဝင်ပူးပေါင်းဆောင်ရွက်ပေးသည့် **တောင်သူမှတောင်သူအချင်းချင်း** နည်းပညာဖြန့်ဝေမှုဖြင့် အမယ်စုံသီးနှံစိုက်ပျိုးထုတ်လုပ်မှုများမြင့်မားလာကာ သီးနှံစိုက်စွမ်းအားမြင့်မားလာစေရန်။





# စံပြကွက်ဆောင်ရွက်ရသည့် အကြောင်းအရင်း

- ရွှေကျင်မြို့နယ်သည် ရေကြီးနစ်မြုပ်လေ့ရှိသောဒေသဖြစ်၍ တစ်နှစ်ပတ်လုံး ဆောင်းသီးနှံကိုသာ အားထားစိုက်ပျိုးရလေ့ရှိသောအခြေအနေမှ မိုးစပါး စိုက်ချိန် ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် ရေးကြီးချိန်၌ သီးနှံ၏ခံနိုင်ရည်မြင့်မားချိန် နှင့် ချိန်ဆ စိုက်ပျိုးခြင်းနည်းပညာကို တောင်သူများလေ့လာသိရှိနိုင်ရန်။
- အမယ်စုံသီးနှံများစိုက်ပျိုးထုတ်လုပ်ပြီး တောင်သူများစဉ်ဆက်မပြတ် ဝင်ငွေရရှိ နိုင်ခြင်းနှင့်သီးနှံတစ်မျိုးတည်းအပေါ်အားထားစိုက်ပျိုး၍ မမျှော်မှန်းနိုင်သော ရာသီဥတုဖောက်ပြန်မှုဖြစ်ပါက ကြီးမားသောနစ်နာဆုံးရှုံးမှု ကိုရှောင်လွှဲနိုင်ရန်။
- မြေဧရိယာတစ်ခုတည်းပေါ်တွင်အမယ်စုံသီးနှံများစိုက်ပျိုးထားခြင်းဖြင့်ဂေဟဗေဒ စနစ်ကိုအထောက်အကူပြုပြီးသဘာဝမျှချေကိုထိမ်းသိမ်းကာ သီးနှံဖျက်ပိုးများ၏ ဘဝစက်ဝန်းကိုပျက်စေ၍ ဝတ်မှုံကူးအင်းဆက်ဦးရေတိုးပွားစေသဖြင့် သီးနှံ အထွက်တိုးနိုင်စေရန်။



# စံပြကွက်ဆောင်ရွက်ရသည့် အကြောင်းအရင်း



- အမယ်စုံသီးနှံများစိုက်ပျိုးခြင်းဖြင့် မမျှော်မှန်းနိုင်သောရာသီဥတုဖောက်ပြန်မှုကြောင့် သော်လည်းကောင်း၊ ထုတ်ကုန်များ၏ဈေးကွက် မတည်ငြိမ်မှုကြောင့်သော်လည်း ကောင်း စီးပွားရေးအရ နစ်နာဆုံးရှုံးမှုကို အနည်းဆုံးလျှော့ချနိုင်ရန်
- စဉ်ဆက်မပြတ် သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိကာ လုပ်သားများ ဝင်ငွေပုံမှန်ရရှိနိုင်ရန်
- အမယ်စုံသီးနှံစိုက်ပျိုးမှုတွင် ပဲမျိုးရင်းဝင်သီးနှံများထည့်သွင်းစိုက်ပျိုးခြင်းဖြင့် မြေဆီဩဇာဖွံ့ဖြိုးတိုးတက်လာစေရန်
- မျိုးရင်းမတူသောသီးနှံမျိုးကွဲများကို မြေဧရိယာတစ်ခုတည်းပေါ်တွင် ရောနှောစိုက်ပျိုးခြင်း၊ သီးလှည့်စိုက်ပျိုးခြင်းဖြင့် သီးနှံဖျက်ပိုးများ၏ဘဝစက်ဝန်းကိုဖျက်တောက်နိုင်ကာ သဘာဝမျှခြေ ပိုမိုကောင်းမွန်လာပြီး ဓာတုပိုးသတ်ဆေးသုံးစွဲမှုလျှော့ချနိုင်၍ ပတ်ဝန်းကျင်ညစ်ညမ်း မှုကို လျှော့ချနိုင်ရန်

# စံပြကွက်ဆောင်ရွက်ရသည့် အကြောင်းအရင်း

- စိုက်စနစ်နှင့်ဖွံ့ဖြိုးမှုသဘာဝမတူသော အမယ်စုံ သီးနှံများရောနှောစိုက်ပျိုးခြင်း (သို့) သီးလှည့်စိုက်ပျိုးခြင်းကြောင့် မြေဆီလွှာအတွင်း လေဝင်လေထွက် ကောင်းစွာရရှိ၍ အကျိုးပြုအနုဇီဝပိုးများပိုမိုရှင်သန်နိုင်ရန်
- စဉ်ဆက်မပျက်သီးနှံစိုက်ပျိုးသဖြင့် မြေဆီလွှာတိုက်စားမှု၊ ပေါင်းပေါက်ရောက်ရှင်သန်မှုတို့ကို ကာကွယ်နိုင်ပြီး မြေတွင်းလက်ကျန်အစိုဓာတ်ကိုပိုမိုထိမ်းထားနိုင်ရန်
- အမယ်စုံသီးနှံများဖြင့် စဉ်ဆက်မပြတ်စိုက်ပျိုးထုတ်လုပ်နိုင်သဖြင့် အဟာရပြည့်ဝပြီးလတ်ဆတ်သော ထုတ်ကုန်များထုတ်လုပ်နိုင်ကာ လူသားတို့၏အစားအစာဖူလုံမှုကို အထောက်အကူပြုရုံသာမက မွေးမြူးရေးလုပ်ငန်းအတွက် လိုအပ်သောတိရိစ္ဆာန်စာများကိုပါ ထောက်ပံ့ဖြည့်စည်းနိုင်၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးတွဲဖက်ဆောင်ရွက်နိုင်ရန်

# စံပြကွက်ဆောင်ရွက်ထားရှိသည့် အခြေအနေ

## လအလိုက်အမယ်စုံသီးနှံများစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ

| စဉ် | သီးနှံ အမည် | စိုက် ဧက | ဧပြီ | မေ | ဇွန် | ဇူ | ဩ | စက် | အောက် | နို | ဒီ | ဇန် | ဖေ | မတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ချဉ်ပေါင် | ၁.၀၀ | ■ | ■ | | | | | | | | | | |
| ၂ | ငရုတ် | ၁.၀၀ | ■ | ■ | ■ | ■ | | | | | | | | |
| ၃ | ပဲတိုင်ထောင် | ၁.၀၀ | ■ | ■ | ■ | | | | | | | | | |
| ၄ | ဖူးစားပြောင်းချို | ၂.၀၀ | ■ | ■ | ■ | | | | | | | | | |
| ၅ | မိုးစပါး | ၅.၀၀ | | | ■ ၂၀ .၆.၂၂ မှ ၁၂.၁၀.၂၂ | ■ | ■ | ■ | ■ | | | | | |
| ၆ | ဆောင်းမြေပဲ | ၅.၀၀ | | | | | | | ■ ၂၄.၁၀.၂၂ မှ ၂၇.၁.၂၂ | ■ | ■ | ■ | | |

# စံပြကွက်ဆောင်ရွက်ထားရှိသည့် အခြေအနေ


- ကျေးရွာအုပ်စု – တံခွန်တိုင်
- ကျေးရွာ – မောင်းရုံ
- တောင်သူအမည် – ဦးစိုးမင်း
- ကွင်းအမှတ် – ၇၆၇
- ဦးပိုင် – ၈၉
- စံပြကွက်ဧရိယာ – ၅.၀၀ ဧက

**စိုက်ပျိုးသည့်သီးနှံများ**

ချဉ်ပေါင်၊ ငရုတ်၊ ပဲတိုင်ထောင်၊ ဖူးစားပြောင်းချို

မိုးစပါး၊

ဆောင်းမြေပဲ၊



★ စံပြကွက်ဆောင်ရွက်ရာတည်နေရာ

# စံပြကွက်ဆောင်ရွက်ထားရှိသည့် နည်းလမ်း

၂၀၂၂-၂၀၂၃ ခုနှစ်၊ ဆောင်းသီးနှံရာသီတွင် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်းမြေပဲ (၅.၀၀) ဧက ကိုနည်းပညာပေးစံပြကွက်ဆောင်ရွက်ထားရှိမှုအခြေအနေ

| | | |
|---|---|---|
| ➢ သီးနှံအမည် | - | ဆောင်းမြေပဲ |
| ➢ စိုက်ဧက | - | (၅.၀၀) ဧက |
| ➢ မျိုးအမည် | - | တွန်တာနီ |
| ➢ စိုက်ရက် | - | ၂၄.၁၀ ၂၀၂၂ |
| ➢ စိုက်စနစ် | - | (၁၂ လက်မ x ၄ လက်မ) |
| ➢ ရိတ်ရက် | - | ၂၃.၁.၂၀၂၀၂၂ |
| ➢ အထွက်နှုန်း | - | ၁၀၇ တင်း/ဧက |
| ➢ စုစုပေါင်းအထွက်တင်း | - | ၅၃၅ တင်း |
| ➢ တစ်ဧက ကုန်ကျစရိတ် | - | ၁၀၅၃၅၀၀ ကျပ် |
| ➢ တစ်တင်းဈေးရငွေ | - | ၂၂၀၀၀ ကျပ် (အတောင့်) |
| ➢ တစ်ဧကဝင်ငွေ | - | ၂၃၅၄၀၀၀ ကျပ် |





# စံပြကွက်ဆောင်ရွက်ထားရှိသည့် နည်းလမ်း

- **မိုးဦးကာလ**

မိုးဦးကာလတွင် ချဉ်ပေါင်၊ ငရုတ်၊ ပဲတိုင်ထောင်၊ ဖူးစားပြောင်းချို စသည့်ဝင်ငွေရ သီးနှံတို့ကို မြေအောက်ရေအသုံးပြုပြီးရေတင်စိုက်ပျိုးကာ ဝင်ငွေရရှိရေးဆောင်ရွက်

- **မိုးကာလ**

ရေကြီးနစ်မြုပ်လေ့ရှိသောကြောင့် တောင်သူများပုံမှန်မိုးစပါး စိုက်ပျိုးလေ့ရှိသည့် အောက်တိုဘာလ ရေကျပြီးမှစိုက်မည့်အစား ဇွန်လတွင်စိုက်ပျိုးပြီး ရေကြီးချိန်၌စပါး သက်တန်း (၇၅) ရက်သားခန့်ရရှိကာ ရေမြုပ်ဒဏ်ကို အတော်အသင့်ခံနိုင်ရန် စီမံဆောင်ရွက်ခဲ့

- **ဆောင်းသီးနှံကာလ**

မိုးစပါးစိုက်ချိန်စော၍ ဆောင်းမြေပဲကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးနိုင် သဖြင့် မြေတွင်းအစိုဓာတ်ကောင်းစွာရရှိကာ သီးနှံအထွက်ကောင်းအောင်ဆောင် ရွက်နိုင်ခဲ့

# အမယ်စုံသီးနှံစိုက်ပျိုးထုတ်လုပ်မှုမှတ်တမ်းဓာတ်ပုံများ

- မိုးဦးကာလအမယ်စုံသီးနှံစိုက်ပျိုးမှုမှတ်တမ်းများ












# အမယ်စုံသီးနှံစိုက်ပျိုးထုတ်လုပ်မှုမှတ်တမ်းဓါတ်ပုံများ

- မိုးကာလ(မိုးစပါးစိုက်ပျိုးမှုမှတ်တမ်းများ)











# အမယ်စုံသီးနှံစိုက်ပျိုးထုတ်လုပ်မှုမှတ်တမ်းဓာတ်ပုံများ

- ဆောင်းသီးနှံကာလ(ဆောင်းမြေပဲစိုက်ပျိုးမှုမှတ်တမ်းများ)











# စစ်တမ်းရလဒ်များနှင့်ဆွေးနွေးချက်များ

| စဉ် | သီးနှံအမည် | စိုက်ဧက | ကုန်ကျစရိတ်ကျပ် | ရငွေကျပ် | ကုန်ကျစရိတ်နှင့်ရငွေအချိုး | အကျိုးအမြတ် |
|---|---|---|---|---|---|---|
| | မိုးဦးကာလ | | | | | |
| ၁ | ချဉ်ပေါင် | ၁.၀၀ | ၂၂၂၀၀၀ | ၆၇၅၀၀၀ | ၁ : ၃.၀၄ | ၄၅၃၀၀၀ |
| ၂ | ငရုတ် | ၁.၀၀ | ၅၉၄၅၀၀ | ၉၅၀၀၀၀ | ၁ : ၁.၅၉ | ၃၅၅၅၀၀ |
| ၃ | ပဲတိုင်ထောင် | ၁.၀၀ | ၉၉၉၅၀၀ | ၃၀၆၀၀၀၀ | ၁ : ၃.၀၆ | ၂၀၆၀၅၀၀ |
| ၄ | ဖူးစားပြောင်းချို | ၂.၀၀ | ၁၆၂၈၀၀၀ | ၄၆၀၀၀၀၀ | ၁ : ၂.၈၂ | ၂၉၇၂၀၀၀ |
| | မိုးကာလ | | | | | |
| ၅ | မိုးစပါး | ၅.၀၀ | ၃၆၈၁၅၀၀ | ၅၆၂၃၇၅၀ | ၁ : ၁.၅၂ | ၁၉၄၂၂၅၀ |
| | ဆောင်းကာလ | | | | | |
| ၆ | ဆောင်းမြေပဲ | ၅.၀၀ | ၅၂၆၇၅၀၀ | ၁၁၇၇၀၀၀၀ | ၁ : ၂.၂၇ | ၆၆၀၂၅၀၀ |
| | (၁)နှစ်ကုန်ငွေနှင့်ရငွေစုစုပေါင်း | ၅.၀၀ | ၁၂၃၉၃၀၀၀ | ၂၆၆၇၈၇၅၀ | ၁ : ၂.၁၅ | ၁၄၂၈၅၇၅၀ |



# စစ်တမ်းရလဒ်များနှင့်ဆွေးနွေးချက်များ

## စံပြကွက်ပါသီးနှံများစိုက်ပျိုးထွက်ရှိမှုအခြေအနေ

| စဉ် | သီးနှံ အမည် | ရေတွက် ပုံ | စိုက် ဧက | ရိတ် ဧက | အထွက်နှုန်း | အထွက်ပေါင်း |
|---|---|---|---|---|---|---|
| | မိုးဦးကာလ | | | | | |
| ၁ | ချဉ်ပေါင် | စည်း | ၁.၀၀ | ၁.၀၀ | ၁၃၅၀၀ | ၁၃၅၀၀ |
| ၂ | ငရုတ် | ပိဿာ | ၁.၀၀ | ၁.၀၀ | ၅၀၀ | ၅၀၀ |
| ၃ | ပဲတိုင်ထောင် | စည်း | ၁.၀၀ | ၁.၀၀ | ၁၇၀၀၀ | ၁၇၀၀၀ |
| ၄ | ဖူးစားပြောင်းချို | ဖူး | ၂.၀၀ | ၂.၀၀ | ၂၃၀၀၀ | ၄၆၀၀၀ |
| | မိုးကာလ | | | | | |
| ၅ | မိုးစပါး | တင်း | ၅.၀၀ | ၅.၀၀ | ၉၇.၈၀ | ၄၈၉ |
| | ဆောင်းကာလ | | | | | |
| ၆ | ဆောင်းမြေပဲ | တင်း | ၅.၀၀ | ၅.၀၀ | ၁၀၇.၀၀ | ၅၃၅ |





# တောင်သူပုံမှန်စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ

| စဉ် | သီးနှံအမည် | စိုက်ဧက | ဧပြီ | မေ | ဇွန် | ဇူ | ဩ | စက် | အောက် | နို | ဒီ | ဇန် | ဖေ | မတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | မိုးစပါး(ကြဲခင်း) | ၅.၀ | | | | | | | | | | | | |
| ၂ | ဆောင်းမြေပဲ | ၅.၀ | | | | | | | | | | | | |

# တောင်သူပုံမှန်ဝင်ငွေရရှိမှုအခြေအနေ

| စဉ် | သီးနှံအမည် | စိုက်ဧက | ကုန်ကျစရိတ်(ကျပ်) | ရငွေ(ကျပ်) | ကုန်ကျစရိတ်နှင့်ရငွေအချိုး | အကျိုးအမြတ် |
|---|---|---|---|---|---|---|
| ၁ | မိုးစပါး(ကြဲခင်း) | ၅.၀၀ | ၂၂၆၅၀၀၀ | ၃၉၆၀၀၀၀ | ၁:၁.၇၄ | ၁၆၉၅၀၀၀ |
| ၂ | ဆောင်းမြေပဲ | ၅.၀၀ | ၄၈၀၀၀၀၀ | ၉၃၅၀၀၀၀ | ၁: ၁.၉၄ | ၄၅၅၀၀၀၀ |
| | (၁)နှစ်ကုန်ငွေနှင့်ရငွေစုစုပေါင်း | | ၇၀၆၅၀၀၀ | ၁၃၃၁၀၀၀၀ | ၁: ၁.၈၈ | ၆၂၄၅၀၀၀ |



# စစ်တမ်းရလဒ်များနှင့်ဆွေးနွေးချက်များ

## တောင်သူပုံမှန်စိုက်ပျိုးသောသီးနှံများစိုက်ပျိုးထွက်ရှိမှုအခြေအနေ

| စဉ် | သီးနှံ အမည် | ရေတွက် ပုံ | စိုက် ဧက | ရိတ် ဧက | အထွက်နှုန်း | အထွက်ပေါင်း |
|---|---|---|---|---|---|---|
| | မိုးကာလ | | | | | |
| ၁ | မိုးစပါး | တင်း | ၅.၀၀ | ၅.၀၀ | ၇၂.၄၀ | ၃၆၂ |
| | ဆောင်းကာလ | | | | | |
| ၂ | ဆောင်းမြေပဲ | တင်း | ၅.၀၀ | ၅.၀၀ | ၈၅.၂၀ | ၄၂၅ |

# စစ်တမ်းရလဒ်များအရ အမယ်စုံသီးနှံစိုက်ပျိုးမှုနှင့် တောင်သူပုံမှန်စိုက်ပျိုးမှုတို့၏ ကုန်ကျစရိတ်နှင့်ရငွေအချိုး

| စဉ် | အကြောင်းအရာ | စိုက်ဧက | ကုန်ကျစရိတ် (ကျပ်) | ရငွေ (ကျပ်) | ကုန်ကျစရိတ် နှင့် ရငွေအချိုး | အကျိုးအမြတ် |
|---|---|---|---|---|---|---|
| ၁ | အမယ်စုံသီးနှံစိုက်ပျိုးထုတ်လုပ်မှု | ၅.၀၀ | ၁၂၃၉၃၀၀၀ | ၂၆၆၇၈၇၅၀ | ၁ : ၂.၁၅ | ၁၄၂၈၅၇၅၀ |
| ၂ | တောင်သူပုံမှန်စိုက်ပျိုးမှု | ၅.၀၀ | ၇၀၆၅၀၀၀ | ၁၃၃၁၀၀၀၀ | ၁: ၁.၈၈ | ၆၂၄၅၀၀၀ |
| | ခြားနားချက် | ၅.၀၀ | (+) ၅၃၂၈၀၀၀ | (+)၁၃၃၆၈၇၅၀ | ၁ : ၂.၅၁ | (+)၈၀၄၀၇၅၀ |



# အကျဉ်းချုပ်သုံးသပ်ချက်နှင့် အကြံပြုချက်များ

- **အကျဉ်းချုပ်သုံးသပ်ချက်**
- အမယ်စုံသီးနှံများစိုက်ပျိုးထုတ်လုပ်မှုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန် သီးနှံထွက်ကုန်များ၏ဈေးကွက်တည်ငြိမ်မှုပေါ်တွင် များစွာမှီတည်လျှက်ရှိ
- အမယ်စုံသီးနှံများစိုက်ပျိုးထုတ်လုပ်မှုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့အစည်းများ၏ ထောက်ပံ့မှုများလိုအပ်လျှက်ရှိ
- အမယ်စုံသီးနှံစိုက်ပျိုးထုတ်ကုန်များ သိုလှောင်နိုင်မည့်သင့်လျော်သော သိုလှောင်ရုံအဆောက်အဦးများလိုအပ်လျှက်ရှိ

# အကျဉ်းချုပ်သုံးသပ်ချက်နှင့် အကြံပြုချက်များ

## အကြံပြုချက်များ

- အမယ်စုံသီးနှံများစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် သီးနှံဖျက်ပိုး ဆိုးဝါးစွာကျရောက်ဖျက်စီးခံရခြင်း အခြေအနေမှ လျော့ချနိုင်ပြီး သီးနှံအထွက်နှုန်းမြင့်မားစွာရရှိနိုင်

- အဆက်မပြတ်သီးနှံများစိုက်ပျိုးထားရှိသဖြင့် မြေဆီလွှာတိုက်စားခံရခြင်းမှ ကာကွယ်နိုင်ပြီး မြေတွင်းရှိအကျိုးပြုအနုဇီဝပိုးများပိုမိုရှင်သန်နိုင်ရန်အခြေအနေပေး

- လတ်ဆတ်သောသီးနှံထုတ်ကုန်များစဉ်ဆက်မပြတ်ထုတ်လုပ်နိုင်၍အဟာရပြည့်ဝသော အစားအစာများ ပံ့ပိုးပေးနိုင်ခြင်း

- အဆက်မပြတ်သီးနှံစိုက်ပျိုးထုတ်လုပ်သဖြင့် အလုပ်အကိုင်အခွင့်အလမ်း များဖန်တီးပေးနိုင်ခြင်း



# အကျဉ်းချုပ်သုံးသပ်ချက်နှင့် အကြံပြုချက်များ

## အကြံပြုချက်များ

- ✓ အဆက်မပြတ် သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်သဖြင့် သီးနှံဘေးထွက်ပစ္စည်းများမှ တိရိစ္ဆာန်စာ ရရှိနိုင်၍ စိုက်ပျိုးရေးမွေးမြူရေးတွဲဖက်လုပ်ကိုင်နိုင်

- ✓ တိရိစ္ဆာန်စွန့်ပစ်ပစ္စည်းများရရှိသော သဘာဝမြေဩဇာများကို လယ်ယာစိုက်ပျိုး ထုတ်လုပ်မှုတွင် အသုံးပြုနိုင်ခြင်းဖြင့် ဓာတုဓာတ်မြေဩဇာတစ်ခုတည်းကို အားထားအသုံးပြုလေ့ရှိသော အလေ့အထကိုလျှော့ချနိုင်

- ✓ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးညီသုံးစွဲခြင်းဖြင့် ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုသို့ဦးတည်ဆောင်ရွက်နိုင်ခြင်း

# လမ်းညွှန်မှုကိုခံယူအပ်ပါသည်။



# အမယ်စုံသီးနှံများ၏တစ်ကေကုန်ကျစရိတ်နှင့်အကျိုးအမြတ်

| စဉ် | သီးနှံအမည် | မြေပြင်ခြင်း | စိုက်ပျိုးပြုစုခြင်း | သွင်းအားစု | ရိတ်သိမ်းခြင်း | စုစုပေါင်း (ကျပ်) | အကျိုးအမြတ် |
|---|---|---|---|---|---|---|---|
| ၁ | ချဉ်ပေါင် | ၉၈၀၀၀ | ၆၃၀၀၀ | ၁၂၀၀၀ | ၄၉၀၀၀ | ၂၂၂၀၀၀ | ၄၅၃၀၀၀ |
| ၂ | ရေုတ် | ၂၁၀၀၀၀ | ၆၃၀၀၀ | ၂၆၅၅၀၀ | ၅၆၀၀၀ | ၅၉၄၅၀၀ | ၃၅၅၅၀၀ |
| ၃ | ပဲတိုင်ထောင် | ၁၄၀၀၀၀ | ၁၅၄၀၀၀ | ၆၄၉၅၀၀ | ၅၆၀၀၀ | ၉၉၉၅၀၀ | ၂၀၆၀၅၀၀ |
| ၄ | ဖူးစားပြောင်း | ၁၉၃၀၀၀ | ၁၁၂၀၀၀ | ၄၅၃၀၀၀ | ၅၆၀၀၀ | ၈၁၄၀၀၀ | ၁၄၈၆၀၀၀ |
| ၅ | မိုးစပါး | ၂၃၈၀၀၀ | ၂၅၂၀၀၀ | ၁၆၆၃၀၀ | ၈၀၀၀၀ | ၇၃၆၃၀၀ | ၃၈၈၄၅၀ |
| ၆ | ဆောင်းမြေပဲ | ၁၅၄၀၀၀ | ၁၆၈၀၀၀ | ၅၀၂၅၀၀ | ၂၀၉၀၀၀ | ၁၀၃၃၅၀၀ | ၁၃၂၀၅၀၀ |